# Multiple Visa
## As Temporary visiter 15days
## အကြိမ်ကြိမ်ပြည်ဝင်ခွင့်ဗီဇာ ကာလတိုနေထိုင်ခွင့် ၁၅ ရက်

**<လျှောက်ထားနိုင်သူများ>**

☐ မြန်မာနိုင်ငံအတွင်းနေထိုင်လျက်ရှိသောမြန်မာလူမျိုး။

☐ ယခင်(၃)နှစ်တာကာလအတွင်း ဂျပန်နိုင်ငံသို့ ကာလတိုနေထိုင်ခွင့်ဗီဇာဖြင့် အကြိမ်ကြိမ်သွားဖူးကြောင်း အထောက်အထားပါရှိပြီး ဂျပန်နိုင်ငံသို့သွားရောက်နေထိုင်ရာတွင် ပြဿနာတစ်စုံတစ်ရာမရှိဘဲ ကုန်ကျစရိတ်ကျခံနိုင်သောသူ။

☐ သို့မဟုတ် လုံလောက်သောဝင်ငွေရရှိသည့် စီးပွားရေးအင်အားနှင့်အလုပ်အကိုင်ရှိသူ/ ထိုသူ၏ဇနီး/ခင်ပွန်း/သားသမီးများ

**<လိုအပ်သောစာရွက်စာတမ်း>**

☐ နိုင်ငံကူးလက်မှတ် (ပတ်စပို့)

☐ ဗီဇာလျှောက်လွှာပုံစံ

☐ ဓာတ်ပုံ (၄၅မီလီမီတာX၄၅မီလီမီတာ၊၆လအတွင်းရိုက်ကူးထားသောပုံ)

☐ သက်ဆိုင်ရာမြို့နယ်ရုံးမှထုတ်ပေးသော နေထိုင်ကြောင်းထောက်ခံစာ

☐ အကြိမ်ကြိမ်ပြည်ဝင်ခွင့်ဗီဇာလိုအပ်ကြောင်းရှင်းလင်းတင်ပြသည့်စာ

☐ အောက်ဖော်ပြပါစာရွက်စာတမ်းများအနက်တစ်ခုခု

① ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာကုမ္ပဏီမှပေးသော အလုပ်အကိုင်ထောက်ခံစာ

(ရာထူး၊အလုပ်ဝင်သည့်ရက်စွဲ၊လစာ၊ခွင့်ရက်တို့ကိုထည့်သွင်းဖော်ပြရမည်)

② ကျောင်းသားဖြစ်ပါက ကျောင်းတက်နေကြောင်းထောက်ခံစာနှင့် အုပ်ထိန်းသူ၏အလုပ်အကိုင် ထောက်ခံစာ

③ အိမ်ထောင်ရှင်မစသည်မှီခိုသူဖြစ်ပါက မိမိမှီခိုနေသူ၏အလုပ်အကိုင်ထောက်ခံစာ

☐ ဘဏ်စာအုပ် (မူရင်းနှင့်မိတ္တူ)

☐ ယခင်(၃)နှစ်တာကာလအတွင်း ဂျပန်နိုင်ငံသို့ သွားရောက်ဖူးကြောင်း အထောက်အထားပြစာရွက်စာတမ်း (နိုင်ငံကူးလက်မှတ်အဟောင်းစသည်)

☐ အလုပ်အကိုင်ရှိသူ၏ဇနီး/ခင်ပွန်း သို့မဟုတ် သားသမီးများဖြစ်ပါက အိမ်ထောင်စုစာရင်းစသည့် မိသားစုဝင်ဖြစ်ကြောင်းအထောက်အထားပြစာရွက်စာတမ်း

တင်ပြမည့်စာရွက်စာတမ်းအားလုံးသည် ထုတ်ပေးသည့်ရက်စွဲမှ ၃ လအတွင်းဖြစ်ရမည်။

မြန်မာလိုရေးသားထားသောစာရွက်စာတမ်းအားလုံးကို မူရင်းနှင့်ဘာသာပြန် (ဂျပန်သို့မဟုတ်အင်္ဂလိပ်) နှင့်မိတ္တူတစ်စောင်စီပူးတွဲတင်ပြပါ။

အထူးတလည်ဖော်ပြထားခြင်းမရှိသောစာရွက်စာတမ်းများအား မူရင်း(တစ်စုံ) တင်ပြရမည်။

သွားမည့်ရည်ရွယ်ချက်၊ တစ်ဦးချင်းစီ၏အခြေအနေပေါ်မူတည်၍ အခြားလိုအပ်သောစာရွက်စာတမ်းများ ထပ်မံတင်ပြရန်တောင်းဆိုမှုများ ရှိနိုင်ပြီး လျှောက်ထားသူနှင့်အင်တာဗျူးခြင်း၊ ဂျပန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနၞ စစ်ဆေးခြင်းစသည်များပြုလုပ်ရန်လည်း လိုအပ်နိုင်ပါ သည်။ အဆိုပါအခြေအနေမျိုးတွင် ဂျပန်နိုင်ငံသို့ထွက်ခွာရန်စီစဉ်ထားသောနေ့အထိ စီစစ်၍မပြီးနိုင်သည်များလည်းရှိသောကြောင့် အချိန်ယူ၍စောလျင်စွာလျှောက်ထားစေလိုပါသည်။ (လျှောက်ထားသည့်ရက်မှ ၁၀ ရက်ကျော်သည်အထိ သံရုံးမှအကြောင်းကြားခြင်း မရှိပါက စီစစ်မှုအခြေအနေကို ဖုန်းဖြင့်စုံစမ်းမေးမြန်းနိုင်ပါသည်။ ထိုသို့မေးမြန်းရာတွင် လက်ခံဖြတ်ပိုင်း(စလစ်)တွင်ကပ်ထားသော ဘားကုတ်နံပါတ်နှင့် လျှောက်ထားသူအမည်ကိုပြောပြရပါမည်။)